Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod,Tak, 63110,Thailand. Tel : 66 81 7241281. E-mail : ndddrd07@csloxinfo.com

# အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
# အမှတ်စဉ် (၃၁၆)

## "တခါတလေတော့လည်း ဒုံးကျည်က စီးပွားရေးပိတ်ဆို့တာတွေထက် ပိုအစွမ်းထက်နိုင်ပါတယ်"

မြန်မာစစ်အစိုးရရဲ့လုပ်ကိုင်နေပုံတွေကြောင့် "ကျနော်တို့ရဲ့ သည်းခံနိုင်မှုတွေ ကုန်ခမ်းလာနေပါပြီ" လို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက ဒီဇင်ဘာ(၁၀)ရက်နေ့မှာ ထုတ်ဖေါ်ပြောဆိုလိုက်သလို အမေရိကန် သမ္မတကတော် လော်ရာဘုရှ် ကလည်း "တွေ့ဆုံဆွေးနွေးရေးမလုပ်နိုင်ရင် သန်းရွှေနဲ့ နအဖဗိုလ်ချုပ်တွေကို ဖယ်ရှားပစ်သင့်နေပြီ" လို့ ဒီဇင်ဘာ(၁၁)ရက်နေ့မှာ ပြောဆိုလိုက်ပါတယ်။ အမေရိကန်သမ္မတကြီး ဂျော့ချ်ဘုရှ် ကတော့ "နအဖ ဗိုလ်ချုပ်တွေအနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးပြုလုပ်ဖို့ ဆက်လက် တုံ့ဆိုင်းနေဦးမယ်ဆိုရင် ဒီထက်မက ပြင်းထန်တဲ့ စီးပွားရေးပိတ်ဆို့မှုအပါအဝင် တခြားအရေးယူမှုတွေကိုပါ လုပ်ရလိမ့်မယ်" လို့ ဒီဇင်ဘာ(၁၂)ရက်နေ့မှာ သတိပေးပြောဆိုခဲ့ပါတယ်။

ပြောတဲ့အတိုင်းလည်း နအဖအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုတွေနဲ့ သံတမန်ရေးအရဖိအားပေးမှုတွေကို တဖြေးဖြေး အရှိန်မြှင့်ပြုလုပ်လာနေတာကို တွေ့မြင်နေရပါတယ်။ နအဖအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုတွေကြောင့် မြန်မာပြည်သူတွေကိုပါ ထိခိုက်စေနိုင်တယ်ဆိုပြီး ပြည်ပက နိုင်ငံရေး၊ စီးပွားရေး ပရောဟိတ်တချို့က ဝေဖန်ကန့်ကွက် ပြောဆိုနေကြပေမဲ့ ဆင်းရဲသား မြန်မာပြည်သူ အများစုကြီးကတော့ နအဖဗိုလ်ချုပ်တွေနဲ့ သူတို့မိသားစုတွေရဲ့အကျိုးစီးပွားကိုသာ တကယ်ထိခိုက်အောင်လုပ်မယ်ဆိုရင် သူတို့အတွက် လုံးဝ ထည့်မစဉ်းစားဖို့ ပြောဆိုနေကြပါတယ်။ စိတ်ဓါတ်ပြင်းထန်တဲ့ ပြည်သူတချို့ကတော့ စီးပွားရေးပိတ်ဆို့ယုံသာမက နအဖစစ်အာဏာရှင်တွေ ပြုတ်ပြုတ်ပြုန်းဖို့အတွက် အနုမြူဗုံးသုံးစွဲဖို့ လိုအပ်မယ်ဆိုရင်တောင် သူတို့ကိုငဲ့ညှာမနေဖို့အထိ အလွန်အကျွံ ပြောဆိုတာတွေ ရှိနေပါတယ်။ ဒီလို ပြောဆိုနေကြတာဟာ စစ်အာဏာရှင်တွေရဲ့ ဖိနှိပ်အုပ်ချုပ်မှုအောက်မှာ နင်းပြားဖြစ်နေရတဲ့ သူတို့ဘဝတွေအတွက် သန်းခေါင်ထက်ညဉ့်နက်စရာ မရှိတော့ဘူးလို့ ခံယူထားကြတာကြောင့် ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ ကုလသမဂ္ဂနဲ့ နိုင်ငံတကာရဲ့ နအဖအပေါ်အရေးယူမှု အပေါ်မှာတော့ အမြင်အမျိုးမျိုးရှိနေတာကို တွေ့ရပါတယ်။ စီးပွားရေးပိတ်ဆို့မှုတွေနဲ့ သံတမန်ရေးအရ ဖိအားပေးမှုနည်းလမ်းတွေဟာ အချိန်ကာလအားဖြင့် ကြာမြင့်နှောင့်နှေးတတ်တာကြောင့် မောက်မာလွန်းလှတဲ့ နအဖစစ်ဗိုလ်ချုပ်တွေကို ချက်ချင်းပျော့ပြောင်းသွားစေလိမ့်မယ်လို့ အများစုက မယုံကြည်ကြပါဘူး။ ဒ့ါအပြင် ကုလသမဂ္ဂနဲ့နိုင်ငံတကာ ဆိုတာကလည်း အပြောသာများပြီး လက်တွေ့အရေးယူမှုအပိုင်းမှာ ပြောသလောက် လုပ်ကြမှာမဟုတ်ဘူးလို့ သံသယရှိနေကြပါတယ်။

မြန်မာ့နိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ကုလသမဂ္ဂရဲ့အခန်းကဏ္ဍဟာ အရေးကြီးတာမှန်ပေမဲ့ ကုလသမဂ္ဂကိုယ်တိုင်က သူ့ပြဿနာတွေနဲ့သူ လုံးချာလိုက်နေတဲ့အပြင် ဗီတိုအာဏာ ပိုင်ထားကြတဲ့ စူပါပါဝါ (၅)နိုင်ငံရဲ့ လွှမ်းမိုးချုပ်ကိုင်ထားတာကိုလည်း ခံနေရတာကြောင့် မြန်မာ့အရေးအတွက် ကုလသမဂ္ဂကို တကယ်တန်းအားကိုးလို့ မရနိုင်ဘူးဆိုတာ မြန်မာပြည်သူတွေက နားလည်ထားကြပါတယ်။ အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း ဆိုတာကလည်း သူတို့ရဲ့ အကျိုးစီးပွားတွေအပေါ်မှာအခြေခံပြီး ရေးဆွဲချမှတ်ထားတဲ့ နိုင်ငံခြားရေးမူဝါဒ ဘောင်တွေအတွင်းကသာ ရပ်တည်လုပ်ဆောင်နေကြတာဖြစ်လို့ မြန်မာ့အရေးကို အာဖကန်နစ္စတန်လို၊ အီရတ်လို၊ အီရန်လို၊ မြောက်ကိုရီးယားလို၊ တန်းတူသဘောထားပြီး စဉ်းစားပေးကြမှာ မဟုတ်ဘူးလို့လည်း ယူဆထားကြပါတယ်။

တကယ်တော့ မြန်မာပြည်သူတွေမှာ ကိုယ့်နိုင်ငံအရေးကို ကိုယ်တိုင်ဖြေရှင်းချင်တဲ့ဆန္ဒ အပြည့်အဝ ရှိကြပါတယ်။ ကိုယ့်အားကိုယ်ကိုးပြီး ဖြေရှင်းနိုင်ဖို့လည်း အကြိမ်ကြိမ်ကြိုးစားခဲ့ကြတဲ့ သာဓကတွေ အထင်အရှားရှိခဲ့ပါတယ်။ ဒါပေမဲ့ မြန်မာပြည်ကို အုပ်ချုပ်နေသူတွေဟာ ခေါင်းမာလွန်းလှတဲ့ စစ်အာဏာရှင်တွေဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတွေမှာဆိုရင် ၁၉၈၈ ရှစ်လေးလုံးအရေးအခင်း၊ ၁၉၉၀ အထွေထွေရွေးကောက်ပွဲနဲ့ ၂၀၀၇ခုနှစ် ရွှေဝါရောင်တော်လှန်ရေးတွေလောက်နဲ့တင် ပြည်သူလူထုရဲ့ဆန္ဒအစစ်အမှန်ကို နားလည်သဘောပေါက်ပြီး အပြောင်းအလဲတွေဖော်ဆောင်ပေးမှာ သေချာပါတယ်။ ပြည်သူလူထုက သူတို့ရဲ့ဆန္ဒတွေကို ငြိမ်းချမ်းစွာ ဖော်ထုတ်ပြသတယ်ဆိုတာဟာ ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ နိုင်ငံတွေလောက်မှာသာ မြင်သာထင်သာတဲ့ အကျိုးရလာဒ်တွေကို ရရှိနိုင်ပါတယ်။ စစ်အာဏာရှင်တွေအုပ်စိုးတဲ့နိုင်ငံတွေမှာ ဆန္ဒပြတယ်ဆိုတာ လက်နက်ကိုင်တိုက်တာမျိုးလို အောင်ပွဲပန်းတိုင်အထိ မရနိုင်ပါဘူး။ အမြင့်ဆုံး အထွဋ်အထိပ် **(Peak Level)** ကို ရောက်ရှိသွားချိန်မှာ ပြည်တွင်းပြည်ပက ဝိုင်းဝန်းမပေးနိုင်ရင် ပြန်ကျသွားတတ်တဲ့ သဘောသဘာဝ ရှိပါတယ်။

ဒီမိုကရေစီနိုင်ငံတွေမှာတော့ ဒီအဆင့်ကိုရောက်ရင် အုပ်ချုပ်သူတွေကိုယ်တိုင်က ကိုယ့်အခြေအနေကိုယ်သိပြီး သိက္ခာရှိရှိနဲ့ ဖယ်ပေးကြလေ့ရှိပေမဲ့ မြန်မာနိုင်ငံလို ရက်စက်ရှုတ်မာတဲ့ စစ်အာဏာရှင်တွေ အုပ်စိုးနေတဲ့နိုင်ငံမှာတော့ လုံးဝဖယ်မပေးတဲ့အပြင် ရက်ရက်စက်စက် ချေမှုန်းတာကိုသာ အကြိမ်ကြိမ် ခံခဲ့ရပါတယ်။ ဆန္ဒပြလို့မရရင် လက်နက်ကိုင်အုံကြွပြီး တွန်းလှန်ဖယ်ရှားတဲ့နည်းကို သုံးပါလားလို့ ပြောစရာရှိပါတယ်။ နောက်ဆုံးရွေးစရာလမ်း မရှိတော့ဘူးဆိုရင် တိကျပြတ်သားတဲ့ အဖြေတစ်ခုခုကိုရရှိနိုင်ဖို့အတွက် ဒီနည်းလမ်းကို မလွဲမရှောင်သာရွေးချယ်ဖို့ မြန်မာပြည်သူတွေဘက်က အမြဲတမ်း အဆင်သင့် ရှိနေကြပါတယ်။ ဒါပေမဲ့ ဒီနည်းလမ်းဟာ စစ်အာဏာရှင်တွေ အကြိုက်ဆုံး၊ သူတို့အကျွမ်းကျင်ဆုံး နည်းလမ်းဖြစ်တယ်၊ ဒီနည်းလမ်းဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ပိုမိုဝေးကွာသွားစေယုံသာမက မြန်မာတစ်ပြည်လုံး အလုံးစုံပျက်သုဉ်းရတဲ့ အခြေအနေအထိ ဆိုက်ရောက်သွားစေနိုင်တယ်ဆိုပြီး နိုင်ငံတကာက ကူညီပံ့ပိုးမှုတွေမပေးခဲ့ကြလို့ ရှစ်လေးလုံးလူထုအုံကြွမှုအရေးတော်ပုံကြီးက ပေါက်ဖွားလာခဲ့တဲ့ ကျောင်းသားတပ်မတော် အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုတွေဟာ ဒီကနေ့အထိ အောင်ပွဲမခံနိုင်ကြတာ ဖြစ်ပါတယ်။

အခုတော့ ကမ္ဘာ့ရာသီဥတုနဲ့အတူ ပြည်တွင်းပြည်ပရဲ့ လေသံတွေလည်း ပြောင်းလာနေတာကို သတိထားမိပါတယ်။ ခေါင်းမာလွန်းတဲ့ မြန်မာစစ်အစိုးရခေါင်းဆောင်တွေကို ဖြုတ်ချဖယ်ရှားပစ်နိုင်ဖို့အတွက် ကြပ်ပြေးနေပြည်တော်ကို လေကြောင်းက ဗုံးကြဲတိုက်ခိုက်ဖို့အပါအဝင် လျှို့ဝှက်စစ်ဆင်ရေးတွေ ပြုလုပ်ကြဖို့အထိ ကျယ်ကျယ်လောင်လောင် ပြောဆိုဆွေးနွေးလာနေကြတာကို တွေ့မြင်နေရပြီ ဖြစ်ပါတယ်။ ပြည်တွင်းက သာမန်ပြည်သူတွေသာမက ရဟန်းသံဃာတွေ၊ စာရေးဆရာတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ထင်ရှားတဲ့ မျိုးချစ် နိုင်ငံရေးသမားတချို့ကတောင် ဒီလိုပြောဆိုလာနေကြတာကို တွေ့ရပါတယ်။ ပြည်ပမှာရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသား ဒီမိုကရေစီလှုပ်ရှားသူတွေထဲမှာလည်း နအဖနဲ့ ဒိုင်ယာလော့ခ်လုပ်ဖို့ အမြဲတစေ တိုက်တွန်းနှိုးဆော်နေသူတချို့ကိုယ်တိုင် စိတ်မရှည်တော့တဲ့လေသံတွေ ပေါ်ထွက်လာနေတာကို သတိထားမိပါတယ်။ နိုင်ငံတကာ သတင်းမီဒီယာတွေနဲ့ အင်တာနက် ဝက်ဘ်ဆိုက်တွေမှာသာမက အမေရိကန်ပြည်ထောင်စုရဲ့ ကွန်ဂရက်လွှတ်တော် ကြားနာပွဲတွေမှာပါ နအဖကို အနုနည်းနဲ့ပြောလို့မရရင် စစ်ရေးနည်းလမ်းတွေနဲ့ပါ အရေးယူဖို့အထိ ဆွေးနွေးငြင်းခုံလာကြတာကို တွေ့လာနေကြရပြီ ဖြစ်ပါတယ်။

နိုင်ငံရေးလေ့လာသူတွေက ဒီပြောဆိုဆွေးနွေးချက်တွေကို လက်တွေ့မဖြစ်နိုင်တဲ့ အရူးချီးပန်း လုပ်ရပ်တွေလို့ ဝေဖန်ပြောဆိုကြမှာသေချာပေမဲ့ နအဖဗိုလ်ချုပ်တွေကိုယ်တိုင်ကတော့ ဒီလို ခပ်ပေါ့ပေါ့ သဘောမထားတာကို တွေ့မြင်နေရပါတယ်။ ကိုယ့်ရဲ့ မကောင်းမှုအကုသိုလ် လုပ်ရပ်တွေကြောင့် အမြဲစိုးရိမ်ထိတ်လန့်နေကြရတဲ့ နအဖဗိုလ်ချုပ်တွေဟာ သူတို့ရဲ့လုံခြုံရေးနဲ့ ပတ်သက်လာရင် အရာရာကို အလေးအနက်ထား စဉ်းစားတွေးခေါ်လေ့ ရှိပါတယ်။ ဒါကြောင့် သူတို့အာဏာသိမ်း တက်လာခဲ့တဲ့အချိန်ကစပြီး တချိန်ချိန်မှာ အမေရိကန်ဦးဆောင်တဲ့ မဟာမိတ်တပ်တွေရဲ့ ဝင်ရောက်တိုက်ခိုက်တာကို ခံရနိုင်တယ်ဆိုတဲ့ စိုးရိမ်စိတ်နဲ့ ကာကွယ်ရေးမဟာဗျူဟာတွေကို ရေးဆွဲချမှတ်ခဲ့တာ တွေ့ရပါတယ်။ အမေရိကန်ဦးဆောင်တဲ့တပ်တွေက ပင်လယ်ပြင်နဲ့ ထိုင်းနိုင်ငံဘက်ကနေ ကျူးကျော်တိုက်ခိုက်လာရင် အဆင့်ဆင့် ခုခံတိုက်ခိုက်သွားဖို့အတွက် ပြည်သူ့စစ် မဟာဗျူဟာဆိုတာကိုလည်း ရေးဆွဲချမှတ်ထားပါတယ်။ ရန်ကုန်မှာနေရတာ သူတို့အတွက် လုံခြုံမှုမရှိဘူးလို့ယူဆတဲ့အတွက် ၂၀၀၅ခုနှစ် နိုဝင်ဘာလမှာ ပဲခူးတိုင်းအရှေ့ခြမ်း ပျဉ်းမနားမြို့နယ်အတွင်းရှိ ကြပ်ပြေးအရပ်ကို အားလုံး ပြောင်းရွှေ့သွားခဲ့ကြတာ တွေ့နိုင်ပါတယ်။

စိတ္တဇဆန်လှတဲ့ နအဖဗိုလ်ချုပ်တွေရဲ့ စဉ်းစားတွေးခေါ်မှုတွေကို အားလုံးနားလည်နိုင်ဖို့ဆိုတာ မလွယ်ကူလှပါဘူး။ ကြပ်ပြေးနေပြည်တော်မှာ တည်ဆောက်ရေးလုပ်ငန်းတွေ မပြီးသေးခင် ကသုတ်ကရက်နဲ့ ပြောင်းရွှေ့သွားခဲ့ရတာဟာ ၂၀၀၅ ခုနှစ်အတွင်း ရုံတင်ခဲ့တဲ့ **"Stealth 2005"** ဆိုတဲ့ ဟောလီးဝုဒ်ရုပ်ရှင်ကားရဲ့ ပရောဂလည်း ပါကောင်းပါနိုင်ပါတယ်။

ဒီဇာတ်ကားမှာ အမေရိကန်လေတပ်ရဲ့ စတဲ့လ် ကိုယ်ပျောက်စစ်လေယာဉ်တွေက ရန်ကုန်မှာရှိတဲ့ နအဖစစ်ရုံးချုပ်ကို ဝင်ရောက်တိုက်ခိုက်ချေမှုန်းတဲ့အခန်းတွေ ပါဝင်နေတာကြောင့် နအဖဗိုလ်ချုပ်တွေကို ပိုပြီးအကြောက်လွန် သွားစေနိုင်ပါတယ်။

အခုလည်း အမေရိကန် ဆီနိတ် အထက်လွှတ်တော်အပါအဝင် ပြည်တွင်းပြည်ပက ကြပ်ပြေးနေပြည်တော်ကို စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်ဖို့ ကျယ်ကျယ်လောင်လောင် ပြောဆိုလာနေချိန်မှာ နိုင်ငံကျော် ရမ်ဘိုရုပ်ရှင်မင်းသား "စတောလုံး" **(Sylvester Stallone)** ကလည်း ထိုင်း–မြန်မာနယ်စပ်မှာ မကြာခင်က ရိုက်ကူးပြီးစီးသွားတဲ့ **"Rambo to Hell and Back?"** ဆိုတဲ့ ရုပ်ရှင်ကားကြီးကို မကြာခင်ရုံတင်နိုင်ဖို့ ပြင်ဆင်နေတာနဲ့ တိုက်ဆိုင်နေပါတယ်။ ဒီဇာတ်လမ်းမှာ ရုပ်ရှင်မင်းသား ရမ်ဘိုက နအဖစစ်တပ်ရဲ့ ဖမ်းဆီးနှိပ်စက်မှုကိုခံနေရတဲ့ နိုင်ငံတကာ အကူအညီပေးရေးလုပ်သားတွေ **(Aid Workers)** ကို ထိုင်းနိုင်ငံကတဆင့် နယ်စပ်ဖြတ်ကျော်ပြီး ဝင်ရောက်တိုက်ခိုက် ကယ်တင်တဲ့ အက်ရှင်ကားဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ လက်တွေ့ဖြစ်နိုင်ဖို့ မလွယ်ကူတဲ့အရာတွေဆိုပေမဲ့ နအဖစစ်ဗိုလ်ချုပ်တွေကတော့ ထုံးစံအတိုင်း ကြောက်လန့်တုန်လှုပ်ပြီး အရာရာကို သံသယနဲ့တုန့်ပြန်နေတာ မြင်တွေ့နေရပါတယ်။

အမေရိကန်တပ်တွေက ဘင်္ဂလားပင်လယ်ပြင်နဲ့ ထိုင်းနိုင်ငံဘက်ကတဆင့် ကျူးကျော်တိုက်ခိုက်လာနိုင်တယ်ဆိုပြီး တနင်္သာရီကမ်းလွန် ပင်လယ်ပြင်တစ်လျှောက်က ကျွန်းတွေနဲ့ ထိုင်း–မြန်မာနယ်စပ်တလျှောက်က လေကြောင်းရန်ကာကွယ်ရေး ရှေ့တန်းစခန်းတွေမှာ ခေတ်မီ ရေဒါတွေနဲ့ မြေပြင်ကဝေဟင်ပစ် ဒုန်းပျံတွေကို ဒီလတွေအတွင်းမှာ တိုးချဲ့တပ်ဆင်နေတဲ့အပြင် နေပြည်တော်မှာရှိတဲ့ လေကြောင်းရန်ကာကွယ်ရေးစခန်း(၂)ခုနဲ့ အမြောက်စခန်း(၂)ခုမှာလည်း ယူကရိန်းနိုင်ငံလုပ် မြေပြင်က ဝေဟင်ပစ် ဒုံးကျည်တွေနဲ့ အမြောက်ကြီးတွေကို တိုးချဲ့တပ်ဆင်တာတွေ ပြုလုပ်နေပါတယ်။ နအဖက နိုဝင်ဘာလအတွင်းမှာ လေကြောင်းကာကွယ်ရေးစခန်းဌာနချုပ်တွေနဲ့ ရှေ့တန်းအခြေစိုက် လေကြောင်းကာကွယ်ရေးစခန်းတွေကို **HN-2A** အမျိုးအစားနဲ့ **HN-5A** အမျိုးအစား မြေပြင်ကဝေဟင်ပစ် **SAM** ဒုံးကျည်တွေနဲ့ ဒုံးပစ်တပ်ဖွဲ့ဝင်တွေ ကိုင်ဆောင်ဖို့အတွက် **MA-1, MA-2** အမျိုးအစား အပေါ့စားစက်သေနတ်တွေကို ထပ်မံအင်အားဖြည့်ပေးပို့နေတာ တွေ့ရှိနေရသလို နယ်စပ်တစ်လျှောက်ရှိ လေကြောင်းရန်ကာကွယ်ရေးတပ်စခန်းတွေအရောက် စစ်ဆင်ရေးလမ်းတွေ အရေးတကြီးဖောက်လုပ်နေတာကိုလည်း တွေ့ရှိနေရပါတယ်။

တနင်္သာရီကမ်းလွန် ကျွန်းတွေပေါ်မှာတည်ဆောက်နေတဲ့ **P-18** အမျိုးအစား တာဝေးထောက်လှမ်းရေး ရေဒါတွေနဲ့ ရေဒါတင်မော်တော်ယာဉ် **PRV** တွေကိုလည်း ရုရှားစစ်ဘက်ကျွမ်းကျင်သူတွေကိုယ်တိုင် လာရောက်စမ်းသပ် တပ်ဆင်ပေးနေတာ တွေ့ရှိရပါတယ်။ ထိုင်း–မြန်မာနယ်စပ် တနင်္သာရီတိုင်း မို့တောင် ကျေးရွာအနီးမှာလည်း ရေဒါထောက်လှမ်းရေးစခန်းနဲ့ လေကြောင်းရန်ကာကွယ်ရေးစခန်းကြီးတစ်ခု တည်ဆောက်နေတဲ့အတွက် ကျေးရွာသားတွေကို အတင်းအကျပ် နေရာရွှေ့ပြောင်းမှုတွေ ပြုလုပ်နေပါတယ်။ နအဖက ကြပ်ပြေးနေပြည်တော် လုံခြုံရေးအတွက် ပျဉ်းမနားနဲ့ တပ်ကုန်းမြို့နယ်တွေမှာ အခြေစိုက်ထားတဲ့ အမှတ်(၂၀၃၁) လေကြောင်းရန်ကာကွယ်ရေးတပ်ရင်းနဲ့ အမှတ်(၂၀၃၂) လေကြောင်းရန်ကာကွယ်ရေးတပ်ရင်းတွေအတွက် ယူကရိန်းနိုင်ငံကပြုလုပ်တဲ့ မြေပြင်ကဝေဟင်ပစ် ဒုံးပစ်စင်တွေနဲ့ ဒုံးကျည်အများအပြားကို ဝယ်ယူခဲ့ပြီး လွန်ခဲ့တဲ့ အောက်တိုဘာလအတွင်းမှာ တပ်ဆင်ပေးခဲ့ကြောင်း သိရှိရပါတယ်။ ပျဉ်းမနားအခြေစိုက် အမှတ်(၃၂၈)နဲ့ (၃၂၉) အမြောက်တပ်ရင်းတွေကိုလည်း တခြားအမြောက်တပ်တွေထက်ပိုပြီး ခေတ်မီကောင်းမွန်တဲ့ အမြောက်တွေ တပ်ဆင်ပေးထားကြောင်း သိရှိရပါတယ်။

ကြပ်ပြေးနေပြည်တော်နဲ့ နေပြည်တော်တိုင်းစစ်ဌာနချုပ်ဟာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နဲ့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရဲ့အကြားမှာ တည်ရှိပြီး တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်နဲ့ လယ်ဝေးမြို့နယ်တွေ ပါဝင်ကြောင်း သိရှိရပါတယ်။ ဒီနယ်မြေရဲ့လုံခြုံရေးကို ပျဉ်းမနားအခြေစိုက် အမှတ်(၆)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ–၆)နဲ့ လက်အောက်ခံတပ်တွေက အဓိက တာဝန်ယူပေးထားတာ တွေ့ရပါတယ်။ ပျဉ်းမနား ကြပ်ပြေးနေပြည်တော်ကို ပြည်ပတပ်တွေ ဝင်ရောက်တိုက်ခိုက်မယ်ဆိုရင် ပြင်းထန်တဲ့ လေကြောင်းထိုးနက်တိုက်ခိုက်မှုနဲ့အတူ လေကြောင်းချီတပ်တွေနဲ့ လေထီးဆင်းတပ်ဖွဲ့တွေက ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်နဲ့ လယ်ဝေးမြို့နယ်အတွင်းမှာရှိတဲ့ ရှမ်းကုန်းပြင်မြင့်နဲ့ အလယ်ရိုးမတောင်တန်းတွေရဲ့ ဗျူဟာမြောက် တောင်ကုန်းတွေနဲ့ စစ်ဗျူဟာအရ အရေးကြီးတဲ့ ရန်ကုန်–မန္တလေးကားလမ်းနဲ့ မီးရထားလမ်းကြောင်း၊ ပျဉ်းမနား–တောင်တွင်းကြီး ကားလမ်းနဲ့ ရထားလမ်း၊ ပျဉ်းမနား–ပင်လောင်းကားလမ်း၊ ဆွာ–ပန်းတင်–ဇရပ်ကုန်း ကားလမ်း၊ ပျဉ်းမနား–ပေါင်းလောင်း–ဆိတ်ဖူးတောင်–ပဒတ်ချောင်းလမ်းနဲ့ ကိုးပင်သာဂရ လမ်းတွေကို ထိန်းချုပ်နိုင်အောင် ကနဦး ကြိုးပမ်းမှာဖြစ်ပြီး မြေပြင်တပ်တွေကတော့ ယန္တယားတပ်တွေရဲ့အကူအညီနဲ့ ကြပ်ပြေးနေပြည်တော်ရဲ့ အရှေ့ဖက်မှာရှိတဲ့ ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်၊ ဖယ်ခုံမြို့နယ်နဲ့ ကရင်ပြည်နယ် သံတောင်မြို့နယ်တွေဖက်ကတဆင့် အလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်နိုင်တယ်လို့ နအဖက

သုံးသပ်တွက်ချက်ထားပါတယ်။ ဒီလိုဝင်ရောက်တိုက်ခိုက်လာရင် ပြည်သူ့စစ်မဟာဗျူဟာနဲ့ ဘယ်လို ကျုံးသွင်းချေမှုန်းပစ်လိုက်မယ်ဆိုပြီးတော့လည်း ဟန်ရေးတပြပြ လုပ်နေကြပါတယ်။

ပျဉ်းမနား ကြပ်ပြေးစစ်ဌာနချုပ်နဲ့ ဗိုလ်ချုပ်ကြီးငယ်တွေရဲ့စံအိမ်တော်တွေကို **Google Earth** လို လူတကာ အခမဲ့ ကြည့်နိုင်တဲ့ အင်တာနက်ဝဘ်ဆိုက်တွေကတောင် ထင်ထင်ရှားရှား မြင်တွေ့နေနိုင်တယ်ဆိုရင် အမေရိကန်နဲ့ အနောက်နိုင်ငံတွေရဲ့ စစ်သုံးဂြိုလ်တုတွေနဲ့ ထောက်လှမ်းရေးလေယာဉ်တွေပေါ်က ရိုက်ကူးထားတဲ့ ကောင်းကင်ဓါတ်ပုံတွေထဲမှာ နအဖရဲ့ လေကြောင်းရန်ကာကွယ်ရေးစခန်းဌာနချုပ်တွေ၊ လေကြောင်းရန်ကာကွယ်ရေး အီလက်ထရောနစ် စစ်ဆင်ရေးစခန်းတွေ၊ လေကြောင်းရန်ကာကွယ်ရေး အဆင့်မြင့်ဆက်သွယ်မှုစခန်းတွေ၊ လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်နဲ့ အမြောက်စခန်းတွေ၊ လေတပ်စခန်းတွေနဲ့ ရေဒါစခန်းတွေ အပါအဝင် စစ်ဘက်အဆောက်အအုံအားလုံးကို ဘယ်လောက်အထိ ရှင်းရှင်းလင်းလင်း ကွက်ကွက်ကွင်းကွင်း မြင်နေရမလဲဆိုတာကို ဖြစ်နေမလဲဆိုတာကို နအဖစစ်ဗိုလ်ချုပ်တွေက မသိကျိုးကျွံပြုပြီး ပြည်ပတပ်တွေ ကျူးကျော်တိုက်ခိုက်လာရင် ပြည်သူ့စစ်မဟာဗျူဟာနဲ့ ဘယ်လို ကျုံးသွင်းချေမှုန်းပစ်လိုက်မယ်ဆိုပြီးတော့ ဟန်ရေးတပြပြ လုပ်နေကြတာကို နိုင်ငံတကာကကြည့်ပြီး ရီရခက်ခက် ငိုရခက်ခက် ဖြစ်နေကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် နအဖစစ်အာဏာရှင်တွေကတော့ သူတို့ အာဏာလက်မလွှတ်ရရေးအတွက် သူတို့စိတ်ကြိုက်ရေးဆွဲချမှတ်ထားတဲ့ **Road Map** အတိုင်း ဆက်သွားမယ်လို့ ခပ်ပြတ်ပြတ်ခပ်ရှင်းရှင်း ပြောထားပြီး၊ သူတို့ကို အဟန့်အတားလုပ်မဲ့ မြန်မာပြည်သူတွေကို စနစ်တကျ စတင်ချေမှုန်းနေပြီဖြစ်ပါတယ်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနဲ့ ထိပ်တိုက်ရင်ဆိုင်ဖို့ အတွက်လည်း အသင့်ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကုလသမဂ္ဂနဲ့ အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံတကာအနေနဲ့ နအဖစစ်ဗိုလ်ချုပ်တွေကို ပါးစပ်နဲ့တင် စစ်အေးတိုက်ပွဲဆင်နွှဲပြီး ခြိမ်းခြောက်ဟိန်းဟောက်ပြနေယုံနဲ့ နအဖဗိုလ်ချုပ်တွေက စေ့စပ်ဆွေးနွေးရေးလမ်းကြောင်းပေါ်ကို အသာတကြည်တက်လာမှာ မဟုတ်ဘူးဆိုတာကို ကြိုတင်သိရှိထားဖို့ လိုပါလိမ့်မယ်။ တခါတရံ ခေါင်းမာလွန်းတဲ့သူတွေနဲ့ ဆက်ဆံရာမှာ လစ်ဗျားစစ်အာဏာရှင် ဗိုလ်မှူးကြီး မိုမာဂဒါဖီရဲ့ စံအိမ်တော်ကို ဒုံးကျည်နဲ့ ပစ်ပြလိုက်ရတာမျိုး၊ ယူဂိုဆလပ်ဗီယားနိုင်ငံ ဘဲဂရိတ်မြို့က တရုတ်သံရုံးကို ဒုံးကျည်နဲ့ပစ်ပြလိုက်ရတာမျိုးလို သူတို့ထက် ပိုမိုက်တယ်ဆိုတာကို မြင်သာထင်သာအောင် လုပ်ပြလိုက်မှ တချို့ကိစ္စတွေမှာ အဆင်ပြေပြေ ရှောရှောရှူရှူ ဖြစ်သွားတတ်တာတွေလည်း ရှိခဲ့ဘူးကြောင်း သပ်တင်ပြလိုက်ရပါတယ်။ ။

***End of report/ Friday, December 14, 2007***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

မိတ်ဆွေများခင်ဗျား–

မိမိတို့ သုတေသနနှင့် မှတ်တမ်းတင်ဌာန (ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု) အနေဖြင့် မြန်မာနိုင်ငံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ အထောက်အထားများကို စနစ်တကျ သိမ်းဆည်းမှတ်တမ်းတင်နေပါသဖြင့် လူကြီးမင်းတို့၏ အဖွဲ့အစည်းများမှ ထုတ်ဝေဖြန့်ချိသော စာအုပ်များ၊ စာတမ်းများ၊ သတင်းများ၊ ထုတ်ပြန်ကြေညာချက်များ၊ သတင်းဓာတ်ပုံများ၊ ပြက္ခဒိန်များကို ပေးပို့ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သုတေသနနှင့် မှတ်တမ်းတင်ဌာန
ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု